# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)

## National Community Driven Development Project



**ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ရေပူကြီးကျေးရွာအုပ်စု**

**ညီညာသာလင်းကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်**

**၂၀၂၀ပြည့်နှစ် (တတိယနှစ်စက်ဝန်း)**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ | -၃ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ | -၄ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ | |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ<br>၄.၁။ ကျေးရွာသမိုင်းကြောင်း။<br>၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ။<br>၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ<br>၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်<br>၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ<br>၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။<br>၄.၇။ ပိုင်ဆိုင်မှု မြေဧရိယာနှင့်သဘာဝ သယံဇာတများ။<br>၄.၈။ အခြားသတင်းအချက်အလက်များ။ | |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြစ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။ | |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ<br>၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map) | |

၆.၂။ ရာသီခွင်ပြ - ပြက္ခဒိန် (Seasonal Calendar)

၆.၃။ ဥစ္စာစနေကြွယ်ဝမှုအဆင့် (Wealth Ranking)

၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)

၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)

၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)

၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း။

၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။

၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။

၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၁ (PC – 1)

၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၂ (PC – 2)

၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3)

၁၃။ ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ

၁၄။ ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား


၁၅။ လူထုဗဟိုပြုစီမံကိန်း (NCDDP)ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ

## ၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

### ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ရေပူကြီးကျေးရွာအုပ်စု)




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ရသေ့တောင် | ၇၄ | ၁၉၃ | ၂၁၃ | ၄၀၆ |
| ၂။ | လှိုင်ကွယ် | ၂၆၃ | ၇၆၉ | ၈၀၅ | ၁၅၇၄ |
| ၃။ | လေးတိုင် | ၁၃၈ | ၄၀၈ | ၄၂၅ | ၈၃၃ |
| ၄။ | ညီညာသာလင်း | ၉၄ | ၂၃၂ | ၂၅၆ | ၅၀၈ |
| ၅။ | ရေပူကြီး | ၅၈၃ | ၁၆၉၈ | ၁၇၈၆ | ၃၄၈၄ |
| ၆။ | ငါးတိုင် | ၃၅၁ | ၈၈၅ | ၉၉၄ | ၁၈၇၉ |

# ၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

## ၄.၁။ ကျေးရွာသမိုင်းကြောင်း။

ညီညာသာလင်းကျေးရွာကို သက္ကရာဇ် (၂၀၀၀) ခုနှစ်နှစ်ဆန်းပိုင်းတွင် စတင်တည်ထောင်ခဲ့ပါသည်။ ကျေးရွာမတည်ထောင်ခင်ကာ လကကျေးရွာ အဝန်းအဝိုင်းမြေနေရာ တို့သည် လေးတိုင်ကျေးရွာနှင့် ငါတိုင်ကျေးရွာတို့မှ နွားများလွှတ်ကျောင်းရာနေရာဖြစ် ခဲ့ပါသည်။

ကျေးရွာစတင် ဖြစ်တည်လာရခြင်း၏ အကြောင်းရင်းမှာ မြိုင်ကြီးငူဆရာတော် ဘုရားကြီးဦးဆောင်ပြီး DKBA တပ်ဖွဲ့တို့သည် ကျေးရွာအသစ်များလိုက်လံတည်ထောင်နေသည်မှ အစချီ ၍ပြောဆိုရမည်ဖြစ်ပါသည်။ ထိုစဉ်က လေးတိုင်ကျေးရွာသားဖြစ်သော ဦးစိန်မြင့်နှင့် ဦးတယောဘောတို့သည် မြိုင်ကြီးငူဆရာတော်ဘုရားကြီးနှင့် ရင်းနှီးသော ဒကာများဖြစ်ကြပါသည်။ ဦးစိန်မြင့်နှင့် ဦးတယောဘောတို့က လေးတိုင်ကျေးရွာနှင့် ငါးတိုင်ကျေးရွာတို့မှ နွားများလွှတ် ကျောင်းရာနယ်မြေသည် ကျုံဒိုး ကော့ကရိတ်ဖြတ်သန်းသွာလာရာ လမ်းကြောင်းပေါ်တွင် တည်ရှိ၍ ကျေးရွာအသစ်တည်ဆောက်ရန် ဆရာတော်နှင့် ပြောဆိုမှုများ ရှိခဲ့ပြီး ၎င်းဦးစိန်မြင့် နှင့် ဦးတယောဘောတို့သည်ညီညာသာလင်းကျေးရွာကိုတည်ထောင်ရန် လေးတိုင်ကျေးရွာရှိ ရှေမှီနောက်မှီ ရပ်မိရပ်ဖတို့နှင့်တိုင်ပင်ခဲ့ပါသည်။ ထိုစဉ်က ရှေမှီနောက်မှီ ရပ်မိရပ်ဖ တစ်ဦးဖြစ်သော ဦးဝေါ်ထူးသည် ကျေးရွာတစ်ရွာကို စတင်တည်ထောင်လျှင် သမီးဦးမွေးသော မိသားစု (၇)စု မှ ဦးဆောင်မည်ဆိုပါက ထိုကျေးရွာသည် အေးချမ်းသာယာမည်ဟု ဆိုခဲ့သည့် အတွက် သမီးဦးမွေးသော မိသားစု များဖြစ်သည့် ဦးစိန်မြင့် ဦးတယောဘော ဦးတင်အောင် ဦးရွှေလှ ဦးချစ်အောင် ဦးအောင်ချိန် ဦးအထွန်းစသည့် မိသားစု (၇) စု တို့သည် မြိုင်ကြီးငူ ဆရာတော်၏သြဝါဒကို ခံယူ၍ ကျေးရွာကို သတင်တည်ဆောက်ခဲ့ပါသည်။ ကျေးရွာတည် ထောင်ပြီးသည်နှင့်တပြိုင်နက် မြိုင်ကြီးငူဆရာတော်ဘုရားကြီးသည် ကျေးရွာအတွင်း ဘုန်းတော်ကြီးကျောင်းဆောက်လုပ်တည်ထောင်ပေးခဲ့ပြီး ဘုန်းတော်ကြီး ကျောင်းပရဝုဏ် အတွင်းတွင်လည်းစေတီတစ်ဆူ တည်ထားပေးခဲ့သည်။ ကျေးရွာ၏အမည်ကို မြိုင်ကြီးငူ ဆရာတော်ဘုရားကြီးသည် ညီညာသာလင်းကျေးရွာဟု အမည်မှည့်ခေါ်ပေးခဲ့သည်။

ယနေ့အခါတွင် ညီညာသာလင်းကျေးရွာသည် အိမ်ခြေ (၆၄) အိမ်၊ အိမ်ထောင်စု (၈၀)စု၊ လူဦးရေ ကျား (၂၀၄) ဦး ၊ မ (၁၉၆) ဦး စုစုပေါင်း လူဦးရေ (၄၀၀) ဦးမှီတင်းနေထိုင် ပြီဖြစ်ပါသည်။

## ၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်းစုနှင့် လူဦးရေ။

ညီညာသာလင်းကျေးရွာတွင် အိမ်ထောင်စု (၉၄) စု ရှိပါသည်။ ကျေးရွာအတွင်းနေထိုင်သောလူဦးရေမှာ အမျိုးသား (၂၅၀)ဦး၊ အမျိုးသမီး (၂၅၃)ဦး၊ စုစုပေါင်း (၅၀၃)ဦးရှိပါသည်။ ယခုအိမ်ထောင်စုနှင့် လူဦးရေစာရင်းမှာ ၂၀၁၉ခုနှစ်၊ ဇွန်လတွင်ကောက်ထားသော စာရင်းဖြစ်ပါသည်။

## ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

ညီညာသာလင်းကျေးရွာတွင်နေထိုင်သော တိုင်းရင်းသားလူမျိုးစုများမှာ ကရင်၊ ဗမာ၊ ပအိုရ်နှင့် မွန်လူမျိုးတို့ဖြစ်ပါသည်။ ကရင်လူမျိုး (စကောကရင်) အိမ်ထောင်စု (၈၂) စုတွင် အမျိုးသား (၂၂၄)ဦးနှင့် အမျိုးသမီး (၂၂၅)ဦး စုစုပေါင်း (၄၄၉)ဦး ရှိပါသည်။ မွန်လူမျိုး အိမ်ထောင်စု (၃)စုတွင် အမျိုးသား (၅)ဦးနှင့် အမျိုးသမီး (၇)ဦး စုစုပေါင်း (၁၂)ဦး ရှိပါ သည်။ ဗမာလူမျိုး အိမ်ထောင်စု (၆) စုတွင် အမျိုးသား (၁၀) ဦးနှင့် အမျိုးသမီး (၁၀) ဦးနှင့် စုစုပေါင်း (၂၀) ဦး ရှိပါသည်။ ပအိုပ်လူမျိုး အိမ်ထောင်စု (၃) စုတွင် အမျိုးသား (၁၁) ဦးနှင့် အမျိုးသမီး(၁၁) ဦး စုစုပေါင်း(၂၂) ဦးရှိပါသည်။

## ၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

ညီညာသာလင်းကျေးရွာကျေးရွာတွင် သက်ကြီးရွယ်အို (၆၅နှစ် နှင့် အထက်) (၁၄) ဦး၊ မသန်စွမ်း (၃) ဦးတို့ရှိ ပါသည်။

## ၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ

ညီညာသာလင်းကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်း၊ ဘုန်းကြီးကျောင်း (၁) ကျောင်း၊ စေတီတို့ရှိပါသည်။

## ၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။

ရွာသူ/သားများ၏ အဓိကစီးရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် လယ်စိုက်ပျိုး လုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများဖြစ်ပါသည်။

## ၄.၇။ ပိုင်ဆိုင်မှု မြေရေယာနှင့်သဘာဝ သယံဇာတများ။

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစား အိမ် ဆိုင်များ၊ ထော်လာဂျီ၊ အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွား တို့ရှိပါ သည်။

## ၄.၈။ အခြားသတင်းအချက်အလက်များ။

အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး/နာရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့တို့သည်ကျေးရွာတွင်းတည်ရှိသော အဖွဲ့အစည်းများဖြစ်ပါ သည်။

ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ဌာနများ နှင့်လည်းချိတ်ဆက်မှုရှိပါသည်။ Phase – M၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲစခန်း၊ KNU၊ BGF ၊ ပညာရေးအဖွဲ့၊ ဆေးရုံ၊ DRDတို့နှင့် ချိတ်ဆက်ပါသည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၆ | ၂၂ | ၂၈ | စိုက်ပျိုးရေးလုပ်ငန်း၊ နိုင်ငံခြား (ထိုင်း) ရွှေ့ပြောင်းလုပ်ကိုင်သူများခြင်း။ |
| ၂ | ရာသီခွင်ပြ - ပြက္ခဒိန် | ၆ | ၂၂ | ၂၈ | မွေးမြူရေးလုပ်ငန်း၊ ဝင်ငွေနည်းပါးခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပွဲတော်ရက်များ။ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် | ၆ | ၂၂ | ၂၈ | အဆင်မပြေသော အိမ်ထောင်စု (၂၅)စု၊ အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ ပညာရေး။။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | ၆ | ၂၂ | ၂၈ | ပညာတတ်မြောက်မှု၊ ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ |


| | | | | | |
|---|---|---|---|---|---|
| | | | | | အမျိုးသမီးများဝင်ငွေရအလုပ် အကိုင် မရှိခြင်း၊ ကျန်းမာရေး။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၆ | ၂၂ | ၂၈ | အပ်ချုပ်စက်အမျိုးသမီးများ သုံးစွဲမှုများသည်။ လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ မြက်ရိတ်စက်၊ စက်တပ်လှေ၊အမျိုးသားများ သုံးစွဲမှုများသည်။ ဆိုင်ကယ်၊ ကား၊ရေတွင်း၊ ဘုန်းကြီး ကျောင်း၊ လယ်၊ နွားတို့ကို အမျိုးသား၊ အမျိုးသမီးတို့က သုံးစွဲကြသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | ၆ | ၂၂ | ၂၈ | ကျေးရွာတွင်း အုပ်ချုပ်ရေးအဖွဲ့ မှ ဩဇာလွှမ်းမိုး၊ ကျေးရွာပြင်ပ တွင် KNU၊BGF ၊ ပညာရေးအဖွဲ့၊ ဆေးရုံ၊ DRD ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာ နနှင့် NGO အဖွဲ့မှ Phase – M တို့ကလွှမ်းမိုး မှုများသည်။ |

# ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ

## ၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)



## ၆.၂။ ရာသီခွင်ပြ - ပြက္ခဒိန် (Seasonal Calendar)



## ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)

မြို့နယ် - ကော့ကရိတ်
အုပ်စု - ရေပူကြီး


ဥစ္စာဓနကြွယ်ဝမှုပြဇယား

ရက်စွဲ - ၅.၆.၂၀၂၀
ကျေးရွာ- ညီညာသာလင်း

| အမျိုးအစား | သတ်မှတ်ချက် / ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေသော အိမ်ထောင်စု | လယ်ယာမြေ (၅ ဧက)၊ [illegible]၊ ကား၊ ဆိုင်ကယ်၊ ဆိုလာ (အကြီး)၊ ရေစုပ်စက်၊ [illegible] ကုန်စုံဆိုင်။ | ၃၀ | ၃၁.၉၁% |
| အလယ်အလတ် အိမ်ထောင်စု | ပျဉ်ထောင်အိမ်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ TV/စက်ဖောင်း၊ ရေစုပ်စက်၊ ဆိုလာ (အသေး)၊ ဈေးဆိုင်၊ [illegible]၊ [illegible]၊ ထိုင်းနိုင်ငံသွား။ | ၃၅ | ၃၇.၂၃% |
| အဆင်မပြေသော အိမ်ထောင်စု | ကျူထရံအိမ်၊ စက်ဘီး၊ [illegible]၊ [illegible]၊ နေ့စား၊ [illegible] လုပ်ကိုင်သူ။ | ၂၉ | ၃၀.၈၅% |
| စုစုပေါင်း | | ၉၄ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ - ကျား + မ = စုစုပေါင်း
(၁၃) + (၁၀) = (၂၃) ဦး

## ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)



## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



မြို့နယ် - ကော့ကရိတ်
ရေးဆွဲသူ - ရေပူကြီး


ပိုင်ဆိုင်မှုသုံးသပ်ခြင်း

ရက်စွဲ - 5.6.2020
ကျေးရွာ - ညီညာသာလင်း

| အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား | | | အရင်းအမြစ်ပိုင်ဆိုင်ချုပ်ကိုင်မှုပုံစံပြဇယား | | |
|---|---|---|---|---|---|
| ကျား | မ | ကျား + မ | ကျား | မ | ကျား + မ |
| ကြော့ကျေးခံ<br>လက်တွန်းထွန်စက်<br>မြက်ရိတ်စက်<br>သုံးဘီးဆိုင်ကယ်<br>ထော်လာဂျီ | အပ်ချုပ်စက် | အဝီစိတွင်း<br>ရေစုပ်စက်<br>ရေတွင်း<br>စက်ဘီး<br>ဆိုင်ကယ်<br>ကား<br>စာသင်ကျောင်း<br>ဘောလုံးကွင်း<br>ဘုန်းကြီးကျောင်း<br>ဆန်စက်<br>မှုန့်တိုက်စက် | လက်တွန်းထွန်စက်<br>ကြော့ကျေးခံ<br>ရေစုပ်စက်<br>မြက်ရိတ်စက်<br>ရေတွင်း<br>စက်ဘီး<br>ဆိုင်ကယ်<br>သုံးဘီးဆိုင်ကယ်<br>ထော်လာဂျီ<br>ကား<br>စာသင်ကျောင်း<br>ဘောလုံးကွင်း<br>ဘုန်းကြီးကျောင်း<br>မှုန့်တိုက်စက်<br>ဆန်စက် | အပ်ချုပ်စက် | အဝီစိတွင်း |

ပါဝင်ဆွေးနွေးသူ - ကျား + မ = စုစုပေါင်း
(၆) + (၂၁) = (၂၇)ဦး

## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)



၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း။

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် ရလဒ်များ |
|---|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | -လယ်၊ စိုက်ပျိုးရေး(ပန်းစိုက်ခင်း၊ ကြက်မောက်ခြံ၊ ဟင်းသီးဟင်းရွက်)၊ ကုန်စုံဆိုင်၊ ဝပ်ရှော့ရုံ၊ တောကိုအမှီပြုပြီး အသက်မွေးဝမ်းကြောင်းပြု ကြသည်။<br>-စိုက်ပျိုးရေးလုပ်ကိုင်သူများပြီး၊ ဝပ်ရှော့ရုံလုပ် သူအနည်းငယ်သာရှိပါသည်။<br>-လွန်ခဲ့သော(၅)နှစ်အတွင်းနွေရာသီတွင် သောက်သုံးရေရှားပါးလာပါသည်။<br>-မည်သည့်အုပ်စုမှ သီးခြားနေထိုင်မှုမရှိပါ။<br>-တစ်ရွာလုံးဗုဒ္ဓဘာသာကိုးကွယ်ကြပြီးဘာသာရေးအုပ်စုများမရှိပါ။<br>-ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ချက်များမှာ<br>(၁) ကျေးရွာဆေးပေးခန်း<br>(၂) စာသင်ကျောင်းဆောင်သစ်<br>(၃) လမ်းပန်းဆက်သွယ်ရေး<br>(၄) စာကြည့်တိုက်<br>(၅) မူကြိုကျောင်း<br>(၆) ဝန်ဆောင်မှုခန်းမဆောင် စသည်တို့ဖြစ်ကြသည်။ |

| | | |
|---|---|---|
| ၂ | ရာသီခွင်ပြ - ပြက္ခဒိန် | -အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်း၊ခြံလုပ်ငန်း၊ ရော်ဘာခြံလုပ်ငန်း၊ရောင်းအဝယ်လုပ်ငန်း၊ ကျဘမ်းလုပ်ငန်းတို့ဖြစ်သည်။<br>-လယ်လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၁၈) စု၊ ခြံလုပ်ငန်းလုပ်ကိုင်သူ (၅)စု၊ အရောင်းအဝယ်ဈေးဆိုင်(၆)ဆိုင်၊ရော်ဘာခြံလုပ်ငန်းအိမ်ထောင်စု(၄)စု၊ကျန်သည့်အိမ်ထောင်စုများကကျဘမ်းလုပ်ကိုင်ကြပါသည် ဈေးဆိုင်မှလွဲ၍ကျန်သည့်လုပ်ငန်းများတစ်နှစ်ပတ်လုံး မလုပ် ကိုင်နိုင်ပါ။<br>-အမျိုးသမီးအိမ်ထောင်ဦးစီး(၁၁)အိမ်ထောင်စုရှိသည်။<br>-အဓိကလုပ်ငန်း မလုပ်ကိုင်နိုင်သည့်အခါ နေ့စား၊ ကျဘမ်းတို့လုပ်ကိုင်ကြသည်။<br>-ဝင်ငွေအရအဆင်မပြေသူများ၊ တိုင်ရင်းသားလူနည်းစုများသည် နေ့စား၊ ကျဘမ်း၊ တောမှီခိုပြီးအသက်မွေးဝမ်းကျောင်းပြုနေရသည်။<br>-လုပ်ငန်းတစ်ခုစီအတွက် အိမ်ထောင်စုတစ်စု၏တစ်နှစ်တာဝင်ငွေမှာ (၁၅) သိန်းဖြစ်ပြီး တစ်နှစ်တာအသုံးစရိတ်အတွက် လုံလောက်မှုရှိပါသည်။ |

| | | |
|---|---|---|
| | | -ဤကျေးရွာတွင်အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်သော ပြဿနာမရှိပါ။<br>-အမျိုးသမီးများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ ရာသီပေါ်သီးနှံရောင်းဝယ်ခြင်း၊ ဖက်ကောက်ဖက်ထိုးခြင်း၊ နေ့စား (ကောက်စိုက်၊ ကောက်ရိတ်)ခြင်းတို့ဖြစ်ကြသည်။<br>-အမျိုးသမီးအိမ်ထောင်ဦးစီး၏ ဝင်ငွေသည် အမျိုးသားအိမ်ထောင်ဦးစီး၏ ဝင်ငွေနှင့်မတူပါ။ ပိုးနည်းသည်။<br>-လုပ်ငန်းပေါ်မူတည်ပြီးနေ့စား လုပ်အားခကွဲပြားသည်။<br>-အမျိုးသမီးများ၏အခက်အခဲမှာ အိမ်မှုကိစ္စနှင့်သာ အချိန်ကုန်နေရခြင်းဖြစ်သည်။ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် | -အဆင်မပြေသောအိမ်ထောင်စုမှာ (၂၉) စုဖြစ် ပါသည်။<br>-စီးပွားရေးလုပ်ရန်အရင်းအနှီးမရှိခြင်း၊ မိသားစုတွင်မှီခိုသူများခြင်း၊အလုပ်အကိုင်အခွင့်အ လမ်းရှားပါးခြင်း၊ နေ့စား၊ ကျဘမ်းသာလုပ်ကိုင်ကြရခြင်း၊ပုံမှန်ဝင်ငွေရသည့်အလုပ်မရှိ ခြင်းတို့ကြောင့်ဖြစ်သည်။<br>-အဆင်မပြေသည့်သူများကို အချိန်ညှိပေးပြီး အစည်းအဝေးပြုလုပ်ပေးခြင်း၊ စီမံကိန်းအကြောင်းနားလည်အောင် ရှင်းပြပေးခြင်း၊ စီမံ |

| | | |
|---|---|---|
| | | ကိန်းတွင်တန်းတူအခွင့်အရေးရှိခြင်းဖြင့် ပါဝင် လာအောင်ဆွဲခေါ်ရမည်။<br>-ကျေးရွာလမ်းခင်းခြင်း၊အခြေခံအဆောက်အ ဦးတည်ဆောက်ပေးခြင်းဖြင့် အဆင်မပြေ သောအိမ်ထောင်စုအတွက် လုပ်အားခရပြီး ကျေးရွာလူထုအားလုံးအတွက် အကျိုးရရှိစေ ပါသည်။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | -အမျိုးသားများနှင့်အမျိုးသမီးများ၏အမှတ် များမတူညီရခြင်းမှာ နေရာဒေသနှင့် ပတ်ဝန် ကျင်ကြောင့်ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများသည်အိမ်မှုကိစ္စများတွင်အ ချိန်ကုန်နေရခြင်း၊အလုပ်အကိုင်အခွင့်အ လမ်းနည်းပါးခြင်း၊မိမိကိုယ်ကိုယုံကြည်မှု အားနည်း ခြင်း စသည်တို့ကြောင့်ဖြစ်သည်။<br>-အမျိုးသားနှင့်နှိုင်းယှဉ်လျှင်အမျိုးသမီး များ၏ စိန်ခေါ်မှုမှာ အိမ်မှုကိစ္စများနှင့်ပင် အချိန်ကုန် နေရခြင်းဖြစ်သည်။<br>-ကျေးရွာတွင်းရှိအမျိုးသမီးများ၏ အခြေအနေတိုးတက်အောင်လုပ်ဆောင်ရန်အ တွက်အသက်မွေးဝမ်းကျောင်းပညာသင်တန်း ဖွင့်လှစ်ပေးခြင်း၊ အမျိုးသားများမှ ဆုံးဖြတ်ချက်ချရာ တွင် အမျိုးသမီးများအား နေရာပေးခြင်းဖြင့် ကူညီနိုင်သည်။ |

| | | |
|---|---|---|
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | -အမျိုးသမီးအသုံးပြုသော အရင်းအမြစ်မှာ အပ်ချုပ်စက်ဖြစ်ပြီး ၎င်းကိုအမျိုးသားကပဲ ထိန်းချုပ်ပါသည်။<br>-အမျိုးသားအသုံးပြုသောအရင်းအမြစ် များမှာ လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ မြက်ရိတ် စက်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ၊ ကား ဖြစ်ပြီး ၎င်းတို့ကို အမျိုးသားကပဲ ထိန်းချုပ် ပါသည်။<br>-နှစ်ဦးစလုံးအသုံးပြုသောအရင်းအမြစ်များ မှာအဝီစိတွင်း၊ရေစုပ်စက်၊ ရေတွင်း၊ စက်ဘီး၊ ဆိုင်ကယ်၊ ဖုန်း၊ ရေဒီယို၊ တီဗီ၊ စလောင်း၊ စာသင်ကျောင်း၊ဘောလုံးကွင်း၊ဘုန်းကြီး ကျောင်း၊ဆန်စက်၊မုန့်တီစက်ဖြစ်ပြီး၎င်းတို့ ကိုအမျိုးသားကသာထိန်းချုပ်ပါသည်။<br>-အရင်းအမြစ်များကို အသုံးပြုနိုင်ရန်အတွက် နှစ်ဦးစလုံးထံမှ ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။<br>-အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှမှုရှိသောကြောင့်ဆုံးဖြတ်ချက်ချ ရာနှင့်အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင် အ ဆင်ပြေပါသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | -စာရင်းထဲတွင်ကျန်ခဲ့သည့်အဖွဲ့အစည်း မရှိပါ။ |

| | | |
|---|---|---|
| | | -ဂေါပကအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ မိန်းမကြီးအဖွဲ့၊ အပျိုလူပျိုအဖွဲ့ တို့သည်လူမှုရေးဆိုင်ရာနှင့်ဘာသာရေးဆိုင်ရာ ကိစ္စများကိုဆောင်ရွက်လုပ်ကိုင်နေသည်။<br>-မိန်းမကြီးအဖွဲ့၊ ကျန်းမာရေးကော်မတီ၊ ကျောင်းကော်မတီ၊ အပျိုလူပျိုအဖွဲ့တို့သည် အမျိုးသမီးများ ပါဝင်ကြသည်။<br>-ကျောင်းကော်မတီနှင့် ကျန်းမာရေးကော်မတီတို့သည်အမျိုးသမီးအမျိုးသားများပါဝင်ပြီး ပညာရေးနှင့် ကျန်းမာရေးတို့တွင် အဓိပါဝင်ဆောင်ရွက်နေသည်။<br>-ကျေးရွာခေါင်းဆောင်နှင့် ရပ်မိရပ်ဖအဖွဲ့တို့သည် အုပ်စုအုပ်ချုပ်ရေးမှူးမှတဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ပညာရေးမှူးရုံး၊ ကျေးလက်ဦးစီးဌာနများသို့ ဆက်သွယ်ဆောင်ရွက်သည်။<br>-ကျေးလက်လမ်းများ၊ရေပေးဝေရေးလုပ်ငန်း များရှိလာပါက ကျေးလက်ဦးစီးဌာနသို့ အုပ်ချုပ်ရေးမှူးမှတဆင့်ဆက်သွယ်ဆောင်ရွက် သည်။<br>-ဒေသခံအဖွဲ့များနှင့် ပြင်ပအဖွဲ့အစည်းများ၏ ချိတ်ဆက်မှုမှာ ကျေးရွာအုပ်ချုပ်ရေးမှူးမှ တဆင့်ချိတ်ဆက်ဆောင်ရွက်ပေးပါသည်။ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။





## ၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။

| စဉ် | အမည် | ကျား | မ | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးစောဟန်ထူး | √ | | စီထောက်ဥက္ကဌ | 2019/20 |
| ၂ | ဒေါ်စန္ဒာမြင့် | | √ | စီထောက်ဥက္ကဌ | 2018/19/20 |
| ၃ | ဦးစောအောင်အောင် | √ | | ဝယ်ယူရေးဆပ်ကော်မတီ (ခေါင်းဆောင်) | 2018/19/20 |
| ၄ | ဦးစောလင်းတင် | √ | | (အဖွဲ့ဝင်) | 2018/19/20 |
| ၅ | ဒေါ် မြင့်ရီ | | √ | (အဖွဲ့ဝင်) | 2018/19/20 |
| ၆ | နော်ခင်ဒီဝင်း | | √ | ကျေးရွာငွေစာရင်းကိုင် | 2019/20 |
| ၇ | ဒေါ် မြသန္တာရွှေ | | √ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(ခေါင်းဆောင်) | 2018/19/20 |
| ၈ | ဦးဆန်းနိုင်ဦး | √ | | (အဖွဲ့ဝင်) | 2018/19/20 |
| ၉ | ဦးမြင့်ဆွေ | √ | | (အဖွဲ့ဝင်) | 2018/19/20 |
| ၁၀ | ဦးကျော်ရက် | √ | | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ (ခေါင်းဆောင်) | 2018/19/20 |
| ၁၁ | ဒေါ်ရွှေဝါ | | √ | (အဖွဲ့ဝင်) | 2019/20 |
| ၁၂ | ဒေါ်သန်းနုအေး | | √ | (အဖွဲ့ဝင်) | 2018/19/20 |
| ၁၃ | ဦးစောမြအုန်း | √ | | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကိုယ်စားလှယ် | 2018/19/20 |
| ၁၄ | ဒေါ် စိုးစိုး | | √ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကိုယ်စားလှယ် | 2018/19/20 |
| ၁၅ | ဦးလင်းငွေ | √ | | ကျေးရွာစေတနာ့ဝန်ထမ်း | 2018/19/20 |
| ၁၆ | ဒေါ်ထက်ထက် | √ | | ကျေးရွာစေတနာ့ဝန်ထမ်း | 2018/19/20 |

## ၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၁ (PC – 1)

| ကျေးရွာခေါင်းဆောင်<br>အမည်<br>ဦးစောအောင်အောင် | ကျေးရွာခေါင်းဆောင်<br>ဖုန်းနံပါတ်-09785254077 | လူထုစည်းရုံးရေးမှူးအမည်<br>နော်လှိုင်လှိုင်ထွန်း |
|---|---|---|

| ပြည်နယ်<br>ကရင် | မြို့နယ်<br>ကော့ကရိတ် | ကျေးရွာအုပ်စု<br>ရေပူကြီး | ကျေးရွာ<br>ညီညာသာလင်း |
|---|---|---|---|

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၈၂ | ဗုဒ္ဓ | ၉၄ |
| လူမျိုးစု (၂) ဗမာ | ၆ | | |
| လူမျိုးစု (၃) မွန် | ၃ | | |
| လူမျိုးစု (၄) ပအိုဝ့် | ၃ | | |
| အခြား .............................. | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၅ |
| သက်ကြီးရွယ်အို (၆၅နှစ် နှင့်အထက်) | ၂၁ |
| စစ်ဘေးရှောင် | ၀ |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၂၂၆ | ၂၂၈ | ၄၅၄ |

| | | | |
|---|---|---|---|
| လူမျိုးစု (၂) ဗမာ | ၁၀ | ၁၀ | ၂၀ |
| လူမျိုးစု (၃) မွန် | ၅ | ၇ | ၁၂ |
| လူမျိုးစု (၄) ပအိုဝ့် | ၁၁ | ၁၁ | ၂၂ |
| အခြား ............................ | | | |
| အိမ်ထောင်ဦးစီး | ၈၃ | ၁၁ | ၉၄ |

**ခ။ အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | √ |
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်း | √ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်း သို့ အခြားမှလာရောက်)**

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက် | | | ဆရာဝန် | | | လက်သ မား | √ | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| တန်း ဆရာ/မ | | | | | | | | |
| အလယ် တန်း ဆရာ/မ | | | ကျန်းမာ ရေးမှူး | | | ပန်းရံ | √ | |
| မူလတန်း ဆရာ/မ | √ | √ | ကျန်းမာ ရေး ဆရာမ | | | လျှပ်စစ် ကျွမ်းကျင် | | |
| မူကြို ဆရာ/မ | | | သားဖွား ဆရာမ | | | ရေပိုက် သွယ် | | |
| အခြား | | | ကျန်းမာ ရေး လုပ်သား | | | စက်ပြင် | √ | √ |

**(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသော လမ်းအခြေ အနေ**

**ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း ဆိုင်ကယ်လမ်း**

**ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား -------------------**

**(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်**

**၁။ လူထုဗဟိုပြုစီမံကိန်းမစတင်မီ ကျေးရွာတွင် ဖွံ့ဖြိုးရေး စီမံချက်ရှိခဲ့ပါသလား?---------- ရှိပါသည်/မရှိပါ/မသိပါ**

**၂။ ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ?----------- (.....)/ မသိပါ**

၃။ ထိုစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား---------------------
ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁။ ကျေးရွာ၏ဗဟိုမှ အုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။-------- ( ၂.၃၇ )မိုင်/မသိပါ

၂။ ကျေးရွာမှ အုပ်စုရွာသို့သွား/လာရာတွင် အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် 00:20:00 ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား.....

မိုးရာသီကြာချိန် 00:20:00 ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား.....

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးပါသလား?

.......မရှိပါ/ ..........ရှိပါသည်/ ရှိလျှင်ဖော်ပြပါ ..................................

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများ ကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသော အဖွဲ့များရှိပါသလား?

(၁) မီးလင်းရေးကော်မတီ (၂) --------------------------------

(၃) -------------------------------- (၄) --------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း။

..........မရှိပါ။ ............ရှိပါသည်။

## ၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၂ (PC – 2)

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူးဝန်ထမ်းအမည် - နော်လှိုင်လှိုင်ထွန်း၊ ဒေါ်ချယ်ရီလင်း | | | |
| နေ့စွဲ - 5.6.2020 | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ - စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..) စက်ဝန်း ၃ (√)၊ စက်ဝန်း ၄ (..) | | |
| ပြည်နယ်<br>ကရင် | မြို့နယ်<br>ကော့ကရိတ် | ကျေးရွာအုပ်စု<br>ရေပူကြီး | ကျေးရွာ<br>ညီညာသာလင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူ အရေအတွက် | | | | | အိမ်ထောင်စု စုစုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးစီးသည့် နေ့ | ကျား | မ | အိမ်ထောင် စု | လူမျိုးစု | | | |
| | | | | | | အရေအတွက် | အမည် | | |
| ၁။ကျေးရွာစီမံကိန်းမိတ်ဆက်အစည်းအဝေး | 5.6.2020 | 5.6.2020 | 27 | 33 | 60 | 60<br>4<br>3<br>2 | ကရင်<br>ဗမာ<br>မွန်<br>ပအိုဝ့် | 94 | 63.83% |
| ၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 5.6.2020 | 5.6.2020 | 27 | 33 | 60 | 60<br>4<br>3<br>2 | ကရင်<br>ဗမာ<br>မွန်<br>ပအိုဝ့် | 94 | 63.83% |
| ၃။ကျေးရွာအုပ်စုလုပ်ငန်းဆုံးဖြတ်ချက်ချအစည်းအဝေး | | | | | | | | | |
| ၄။မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၅။မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကိုရွာသို့အသိပေးအကြောင်းကြားသည့်အစည်းအဝေး | | | | | | | | | |
| ၆.၁။စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေးအစီအစဉ်ရေးဆွဲခြင်း | | | | | | | | | |
| ၆.၂။ဝယ်ယူရေးအစီအစဉ်ရေးဆွဲခြင်း | | | | | | | | | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှုလျာထားအစီအစဉ်ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ပြင်/ထိန်းအစီအ စဉ်ရေးဆွဲခြင်း | | | | | | | | | |
| ၇.၁။အစည်းအဝေးပထမအကြိမ် | | | | | | | | | |
| ၇.၂။အစည်းအဝေးဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။အစည်းအဝေးတတိယအကြိမ် | | | | | | | | | |
| ၇.၄။အစည်းအဝေးစတုတ္ထအကြိမ် | | | | | | | | | |
| ၇.၅။အစည်းအဝေးပဉ္စမအကြိမ် | | | | | | | | | |
| ၈။စီမံကိန်းလုပ်ငန်းလုပ်ငန်းခွဲအပြီးသတ်စစ်ဆေးခြင်းအစည်းအဝေး | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၉။လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

## ၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3)

| | | | |
|---|---|---|---|
| **စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် - နော်လှိုင်လှိုင်ထွန်း၊ ဒေါ်ချယ်ရီလင်း** | | | |
| **နေ့စွဲ - 5.6.2020** | **စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ - စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..) စက်ဝန်း ၃ (√)၊ စက်ဝန်း ၄ (..)** | | |
| **ပြည်နယ်**<br>**ကရင်** | **မြို့နယ်**<br>**ကော့ကရိတ်** | **ကျေးရွာအုပ်စု**<br>**ရေပူကြီး** | **ကျေးရွာ**<br>**ညီညာသာလင်း** |

**(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။**

| **အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ** | | | |
|---|---|---|---|
| စာသင်ကျောင်းဆောင်ဟောင်း ယိုယွင်းပျက်စီးမှုကြောင့် ကလေးများပညာသင်ကြားရာတွင် လုံခြုံမှုအားနည်းခြင်းနှင့် အခက်အခဲရှိခြင်း။ | ကျား ... | မ.... | ကျား+မ ... √ |
| မိုးရာသီတွင်ဗွက်ထပြီး နွေရာသီတွင်ဖုံထူထခြင်းကြောင့် ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမကောင်းသဖြင့် ရွာသူ/သားများသွားလာရေးတွင် အခက်အခဲကြုံတွေ့နေရခြင်း။ | ကျား ... | မ.... | ကျား+မ ... √ |
| မူကြိုကျောင်းမရှိသည့်အတွက် မူကြိုအရွယ်နေကလေးများ အခြားရွာသို့ မူကြိုသွားတက်ရသည့်အတွက် အခက်အခဲရှိခြင်း။ | ကျား ... | မ.... √ | ကျား+မ ... |
| ရွာတွင်းရေနုတ်မြောင်းမရှိသောကြောင့် မိုးရာသီတွင် လမ်းပျက်စီးပြီး ခြင်ပေါက်ပွားမှုများပြားခြင်း။ | ကျား ... | မ.... √ | ကျား+မ ... |

| | | | |
|---|---|---|---|
| အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်းကြောင့် လူငယ်များအတွက် ဝင်ငွေမရှိခြင်း။ | ကျား … | မ…. | ကျား+မ … √ |
| စက်မှုလက်မှုနှင့် အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းပညာအားနည်းသည့်အတွက် မိသားစုစားဝတ်နေရေး ဖြေရှင်းရာတွင် အခက်အခဲရှိခြင်း။ | ကျား … | မ…. | ကျား+မ … √ |
| ရပ်ဝေးမှလာသော ဆရာ/မများအတွက် ဝန်ထမ်းအိမ်ယာမရှိခြင်းကြောင့် နေထိုင်ရန် နေရာအခက်အခဲရှိခြင်း။ | ကျား … | မ…. √ | ကျား+မ … |
| ကျောင်းသုံးပရိဘောဂမလုံလောက်သည့်အတွက် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲရှိခြင်း။ | ကျား … √ | မ…. | ကျား+မ … |
| စိုက်ပျိုးရေးဆိုင်သော နည်းပညာ၊ ဗဟုသုတများမရှိသဖြင့် စီးပွားဖြစ်စိုက်ပျိုးနိုင်ရန် အခက်အခဲရှိခြင်း။ | ကျား … √ | မ…. | ကျား+မ … |
| မွေးမြူရေးအတွက် မျိုးကောင်းမျိုးသန့်မရှိခြင်းကြောင့် စီးပွား ဖြစ်မွေးမြူနိုင်ရန် အခက်အခဲရှိခြင်း။ | ကျား … √ | မ…. | ကျား+မ … |

**(ခ) မျှော်မှန်းခြင်း - နောင်လာမည့် ၅ နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလျာထားချက်များ**

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော မျှော်မှန်းချက်များ | | | |
|---|---|---|---|
| စာသင်ကျောင်းဆောင်ဟောင်းကောင်းမွန်လာ၍ကျောင်းသူ/သားများ ပညာသင်ကြားရာတွင် အဆင်ပြေစေမည်။ | ကျား … | မ…. | ကျား+မ … √ |
| ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းကောင်းမွန်လာပြီး ကျေးရွာလူထုများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ကူးသန်းသွားလာရေးကိစ္စဆောင်ရွက်မှုများအဆင်ပြေလာစေရန်။ | ကျား … | မ…. | ကျား+မ … √ |

| | | | |
|---|---|---|---|
| မူကြိုကျောင်းရရှိလာလျှင် ကလေးများ လုံခြုံစိတ်ချစွာ စာသင်နိုင်ပြီး မိဘများလည်း စိတ်ချစွာ ဝင်ငွေရှာနိုင်မည်။ | ကျား ... | မ.... √ | ကျား+မ ... |
| ရွာတွင်းရေနုတ်မြောင်းရှိလာခြင်းကြောင့် မိုးရာသီတွင် ရွာတွင်းလမ်းကောင်းမွန်လာစေရန်နှင့် ခြင်ပေါက်ပွားခြင်းမှ လျော့နည်းလာစေရန်။ | ကျား ... | မ.... √ | ကျား+မ ... |
| အလုပ်အကိုင်အခွင့်အလမ်းရရှိလာပါကလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ကာ မိသားစုများဝင်ငွေတိုးလာမည်။ ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးခြင်းမှလည်း ကင်းဝေးလာစေမည်။ | ကျား ... | မ.... | ကျား+မ ... √ |
| စက်မှုလက်မှုနှင့် အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းပညာသင်တန်းရရှိလာပြီး မိသားစုဝင်ငွေနှင့် စားဝတ်နေရေးအတွက် ပိုမိုအဆင်ပြေလာစေရန်။ | ကျား ... | မ.... | ကျား+မ ... √ |
| ပညာရေးဝန်ထမ်းအိမ်ယာရရှိလာပါက ရပ်ဝေးမှလာရောက်တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် နေရေးထိုင်ရေးအဆင်ပြေလာပြီး ရေရှည်တာဝန်ထမ်းဆောင်လိုသော စိတ်ဓာတ်များလည်း တိုးတက်လာမည်။ | ကျား ... | မ.... √ | ကျား+မ ... |
| ကျောင်းသုံးပရိဘောဂလုံလောက်စွာရရှိလာပြီး ကလေးများ ပညာသင်ကြားရာတွင် အဆင်ပြေလာစေရန်နှင့် ပညာတတ်ပေါများလာစေရန်။ | ကျား ... √ | မ.... | ကျား+မ ... |
| စိုက်ပျိုးရေးဆိုင်သော နည်းပညာ၊ ဗဟုသုတများရရှိလာပြီး သီးနှံအထွက်နှုန်းတိုး၍ စီးပွားဖြစ်စိုက်ပျိုးလာနိုင်စေမည်။ | ကျား ... √ | မ.... | ကျား+မ ... |
| မွေးမြူရေးမျိုးကောင်းမျိုးသန့်ရရှိလာပြီး စီးပွားဖြစ်မွေးမြူလာနိုင်စေမည်။ | ကျား ... √ | မ.... | ကျား+မ ... |


## (ဂ) လူထုစီမံကိန်း၏ နောင်လာမည့် ၄ နှစ်တာအတွက် အကျုံးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာဖွံ့ဖြိုးရေး အတွက် လုပ်ငန်းအစီအစဉ် များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ ) | အခန်း ကဏ္ဍ | ခန့်မှန်း ကုန် ကျစရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ကျောင်းဆောင် ဟောင်းပြုပြင် ခြင်းလုပ်ငန်း။ | က+မ | ပညာရေး | ၁၅၀၀၀၀၀၀ | ၂၅၂ | ၂၅၆ | ၅၀၈ |
| ၂ | ရာတွင်းကွန်က ရစ်လမ်းအဆင့် မြှင့်တင်ခြင်းလုပ် ငန်း။ | က+မ | လမ်းပန်းဆက် သွယ်ရေး | ၅၄၀၀၀၀၀၀ | ၂၅၂ | ၂၅၆ | ၅၀၈ |
| ၃ | မူကြိုကျောင်း တည်ဆောက် ခြင်းလုပ် ငန်း။ | မ | ပညာရေး | ၃၂၄၀၀၀၀၀ | ၂၅၂ | ၂၅၆ | ၅၀၈ |
| ၄ | ရွာတွင်းရေနုတ် မြောင်းတူးဖော် ခြင်းလုပ်ငန်း။ | မ | လမ်းပန်းဆက် သွယ်ရေး | ၂၀၀၀၀၀၀၀ | ၂၅၂ | ၂၅၆ | ၅၀၈ |
| ၅ | ကျေးရွာချင်း ဆက်ဂဝံမြေသား လမ်းခင်းခြင်း လုပ်ငန်း။ (ညီညာသာလင်း- လေးတိုင်- ရသေ့တောင်) | က | လမ်းပန်းဆက် သွယ်ရေး | ၇၀၀၀၀၀၀၀ | ၂၅၂ | ၂၅၆ | ၅၀၈ |

**(ဃ) လူထုစီမံကိန်း၏နောင်လာမည့် ၄ နှစ်အအတွက် အကျိုးမဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။**

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းရရှိရေး။ | က+မ | အခြား |
| ၂ | စက်မှုလက်မှုနှင့် အိမ်တွင်းမှုအသက်မွေး ဝမ်းကျောင်းပညာသင်တန်းရရှိရေး။ | က+မ | အသက်မွေးဝမ်းကျောင်း |
| ၃ | ပညာရေးဝန်ထမ်းအိမ်ယာတည်ဆောက် ခြင်းလုပ်ငန်း။ | မ | ပညာရေး |
| ၄ | ကျောင်းသုံးပရိဘောဂလုံလောက်စွာရရှိ ရေး။ | က | ပညာရေး |
| ၅ | စိုက်ပျိုးရေးနည်းပညာသင်တန်းရရှိရေး။ | က | စိုက်ပျိုးရေး |
| ၆ | နို့စားနွားမျိုးကောင်းမျိုးသန့်ရရှိရေး။ | က | အသက်မွေးဝမ်းကျောင်း |

## ၁၃။ ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ



အစည်းအဝေးခေါင်းစဉ် 1st and 2nd Meeting

နေရာ ညီညာသာလင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း နေ့ရက် 1.7.2019

အချိန် 1:00 Pm မှ 5:00 Pm

ဆွေးနွေးသည့် အကြောင်းအရာ

၁။ စီမံကိန်း မိတ်ဆက်ခြင်း နှင့် စီမံကိန်းနိဒါန်း
၂။ အမြဲတမ်း တာဝန်ရှိသူများ နှင့် တာဝန်ဝတ္တရားများ၊ ရွေးကောက်ခံ ဝန်ထမ်းများ ရှင်းလင်း အတည်ပြုခြင်း။
၃။ PRA Tools ဖြင့်သည့် ပုံစံများ၊ PRA Tools ဖြင့် လုပ်ဆောင်ခြင်း။
၄။ ဦးစားပေး အဆင့်သတ်မှတ်ခြင်း နှင့် စီမံကိန်းလုပ်ငန်းခွဲများအား ရှင်းလင်းခြင်း။
၅။ အကျုံးဝင်/မဝင်သော စီမံကိန်းလုပ်ငန်းခွဲများ စိစစ်ခြင်း/ VDP ပုံစံ။
၆။ ကျေးရွာစီ/ဆောင်ကော်မတီ ရှင်းလင်း အတည်ပြုခြင်း။
၇။ ပထမ အကြိမ်ပြုလုပ်ရ အစည်းအဝေး ဆုံးဖြတ်ချက်ဖြန့်ဝေသည့် ဆိုင်းဘုတ်ထိုးခြင်း။

| စဉ် | အစည်းအဝေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ |
|---|---|---|
| ၁။ | ကျေးရွာ တာဝန်ခံ ဦးဆောင်ရေးအဖွဲ့မှ ပွင့်လင်းစွာ ပြောကြားပြီး ယခု မဟာဗျူဟာကာလ၌ ညီညာသာလင်း ကျေးရွာ စီမံကိန်း လုပ်ငန်းခွဲများ ဆောင်ရွက်မည်ဖြစ်သည့်အတွက် ကျေးရွာလူထု ကလေး၊ လူကြီး၊ အမျိုးသား၊ အမျိုးသမီးများ ပါဝင်ဆောင်ရွက်ကြရန် ထိုက်တန်ကြောင်း ပြောကြားခဲ့သည်။ | ကျေးရွာတာဝန်ခံ ဦးဆောင်ရေး အဖွဲ့ |
| ၂။ | စီမံကိန်း၏ အကြောင်းအရာ မိတ်ဆက်ခြင်း၊ စီမံကိန်း ဝတ္တရား၊ အမြဲတမ်း တာဝန်ရှိသူ နှင့် အမြဲ တာဝန်များ၊ အကြောင်း ရွေးကောက်ခံ ဝန်ထမ်းများ မှာလည်း ပြောကြားခဲ့သည်။ | ဝန်ထမ်းများ |
| ၃။ | ပထမနှစ်မှ ထွက်ပေါ်လာသော ကော်မတီဝင်ရာများတွင် ဖြည့်သည့် ရှင်းလင်းပြီး မိမိကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေး အတွက် ကျေးရွာလူထု ကိုယ်စား ဦးဦးဦး ဆောင်ဆောင် ရွက်ရန် ကော်မတီဝင်များ မှ သဘောတူခဲ့ကြသည်။ | ကျေးရွာလူထု |

မှတ်တမ်းတင်သူ

အမည်/ရာထူး နော်ဂျိုသန်းဦး (CF)

လက်မှတ်/ရက်စွဲ (1.7.2019)

## ၁၄။ ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ | | | ခုနှစ် | ထောက်ပံ့မည့် အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အ ဦး (လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေး) | ၁ | ရွာတွင်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း။ | | | √ | 2018/19/20 | | |
| | ၂ | ရွာတွင်းရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း။ | | √ | | 2018/19/20 | | |
| | ၃ | ကျေးရွာချင်းဆက်ဂဝံမြေသားလမ်းခင်းခြင်းလုပ်ငန်း။ (ညီညာသာလင်း-လေးတိုင်-ရသေ့တောင်) | √ | | | 2018/19/20 | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| လူမှုစီးပွား (ပညာရေး၊ ကျန်းမာ ရေးနှင့်ဆိုင်သောအဆောက် အဦးနှင့် အခြားလို အပ်ချက်များ | ၁ | ကျောင်းဆောင်ဟောင်းပြုပြင်ခြင်းလုပ်ငန်း။ | | | √ | 2018/19/20 | | |
| | ၂ | မူကြိုကျောင်းတည်ဆောက်ခြင်းလုပ်ငန်း။ | √ | | | 2018/19/20 | | |
| | ၃ | ပညာရေးဝန်ထမ်းအိမ်ယာတည်ဆောက်ခြင်းလုပ်ငန်း။ | | √ | | 2018/19/20 | | |
| | ၄ | ကျောင်းသုံးပရိဘောဂလုံလောက်စွာရရှိရေး။ | √ | | | 2018/19/20 | | |
| | ၅ | | | | | | | |
| အသက်မွေးဝမ်းကျောင်း | ၁ | စက်မှုလက်မှုနှင့်အိမ်တွင်းမှုအသက်မွေး | | | √ | 2018/19/20 | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| (စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆိုင်သော အဆောက်အဦးနှင့် အခြားလို အပ်ချက်များ | | ဝမ်းကျောင်းပညာသင်တန်းရရှိရေး။ | | | | | | |
| | ၂ | စိုက်ပျိုးရေးနည်းပညာသင်တန်းရရှိရေး။ | √ | | | 2018/19/20 | | |
| | ၃ | နို့စားနွားမျိုးကောင်းမျိုးသန့်ရရှိရေး။ | √ | | | 2018/19/20 | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေး အန္တရာယ် လျော့ပါးရေး | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြား | ၁ | ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း လုပ်ငန်း။ | | √ | | 2019 | NCDDP | ပြီးစီး |
| | ၂ | အလုပ်အကိုင်အခွင့်အလမ်းရရှိရေး။ | | √ | | 2018/19/20 | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |

## ၁၅။ လူထုဗဟိုပြုစီမံကိန်း (NCDDP) ဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ

| စီမံကိန်း စက်ဝန်း | လုပ်ငန်းခွဲအမည် | အတိုင်းအတာ | ထောက်ပံ့ ငွေ (ကျပ်) | ကျေးရွာ ထည့်ငွေ (ကျပ်) | စုစုပေါင်း (ကျပ်) |
|---|---|---|---|---|---|
| **ပထမနှစ်** | ပထမနှစ်စက်ဝန်းတွင်စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်မှုမရှိပါ။ | | | | |
| **ဒုတိယနှစ်** | **ဘက်စုံသုံးခန်းမ ဆောင်တည်ဆောက် ခြင်း လုပ်ငန်း။** | **40'x26'x12'** | **16813900** | **0** | **16813900** |
| **တတိယနှစ်** | | | | | |
| **စတုတ္ထနှစ်** | | | | | |